## 4. ဌာန - သွားဘက်ဆိုင်ရာဌာန

သင်တန်းအမည် - Doctor of Dental Surgery (International Program)

ပေးအပ်မည့်ဘွဲ့ - Doctor of Dental Surgery

သင်တန်းကြာချိန် - 6 နှစ်

ဘွဲ့ရရှိပြီးနောက်ရရှိမည့်အလုပ်အကိုင်အခွင့်အလမ်းများ

1. နိုင်ငံတကာအဆင့်မီ သွားဘက်ဆိုင်ရာဆရာဝန်အဖြစ် လုပ်ကိုင်နိုင်ခြင်း။
2. အစိုးရနှင့် ပုဂ္ဂလိက တက္ကသိုလ်များမှ သင်ကြားပေးဆရာအဖြစ် လုပ်ကိုင်နိုင်ခြင်း။
3. သုတေသီအဖြစ် လုပ်ကိုင်နိုင်ခြင်း။
4. သွားဘက်ဆိုင်ရာ ကျွမ်းကျင်မှုပညာရှင်အဖြစ် လုပ်ကိုင်နိုင်ခြင်း

### သင်ယူရရှိမှုရလဒ်များ (PLOs)

သွားဘက်ဆိုင်ရာ ပါရဂူတစ်ဦး မွေးထုတ်ပေးရန် အောက်ပါအရည်အချင်းများ၊ အသိပညာနှင့် ကျွမ်းကျင်မှုများမှာ

PLO1 - ဆေးသိပ္ပံအခြေခံဗဟုသုတရှိ၍ အချက်အလက်ခွဲခြမ်းစိတ်ဖြာနိုင်ခြင်းနှင့် သိပ္ပံနည်းကျ လုပ်ငန်းစဉ်များအလိုက် လက်တွေ့လုပ်ဆောင်နိုင်ခြင်း သို့မဟုတ် ရှင်းပြနိုင်ရန်။

PLO2 - သွားနှင့်ခံတွင်းဆိုင်ရာ အခြေခံကျွမ်းကျင်မှုရှိခြင်း၊ ရောဂါရှာဖွေခြင်း၊ ကုသခြင်းအစီအစဉ်ရေးဆွဲနိုင်ခြင်း၊ ခံတွင်း ဆိုင်ရာဆက်စပ်မှုအင်္ဂါပိုင်းမှ ရောဂါများကို ကာကွယ်နိုင်ခြင်းစသည့် အသိပညာနှင့် စွမ်းရည်များ ရရှိနိုင်ပါသည်။ ထို့ပြင် ပြန်လည်ထူထောင်ရေးအပါအဝင် လူနာ၏ ဘက်စုံကျန်းမာရေး (Holistic approach) ၏ အခြေခံမှုများ ကိုလည်း ထည့်သွင်းစဉ်းစားနိုင်ခြင်း ၊ခေတ်မီနည်းပညာများကို တတ်ကျွမ်းနားလည်မှုရှိခြင်း၊ လူနာ၏အကျိုး ဖြစ်ထွန်းမှုရှိဆုံးဖြစ်ရန် မိမိ၏သတ်မှတ်ချက်စွမ်းရည်ကို သိရှိနားလည်ခြင်း၊ သွားနှင့်ခံတွင်း ဆိုင်ရာ ကျန်းမာရေး ပြဿနာများကို ကောင်းစွာ သိရှိနိုင်ခြင်းနှင့် သွားနှင့်ခံတွင်းဆိုင်ရာ အသိပညာပေး ဗဟုသုတများကို မှန်ကန်စွာ ဖြန့်ဝေနိုင်ရန်။

PLO3 - သွားနှင့်ခံတွင်း သုတေသနလုပ်ခြင်းဆိုင်ရာဗဟုသုတရရှိခြင်းနှင့် အရှုပ်ထွေးမှုမရှိသော သုတေသနပြုလုပ်နိုင်ရန်။

PLO4 - လူမှုရေးနှင့်အသက်မွေးဝမ်းကြောင်းဆိုင်ရာတာဝန်ဝတ္တရားများ၊ အကျင့်စာရိတ္တဆိုင်ရာကျင့်ဝတ်များကို ကောင်း မွန်စွာ ရှိခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအပြင် ကမ္ဘာ့လူ့အဖွဲ့အစည်း အတွင်း လူမျိုးတစ်မျိုးစီ၏ အနုပညာ၊ ယဉ်ကျေးမှုနှင့် မတူကွဲပြားမှုများကို သိရှိနားလည်နိုင်ရန်။

PLO5 - မတူကွဲပြားခြားနားသောလူမျိုး သို့မဟုတ် နေရာ၌ ပျော့်ရှင်စွာ ဆက်သွယ်လုပ်ကိုင်နိုင်ရန်အတွက် ပတ်ဝန်းကျင် ဆိုင်ရာလူ့အဖွဲ့အစည်းနှင့် နည်းပညာဆိုင်ရာလူ့အဖွဲ့စည်းများကို ခေတ်နှင့်တပြေညီ သိရှိနားလည်မှုရှိရန်၊

PLO6 - အလုပ်ကို စီမံခန့်ခွဲနိုင်ခြင်း ၊ ဦးဆောင်နိုင်ခြင်း ၊ပေါင်းသင်းဆက်ဆံရေးကောင်းမွန်သူဖြစ်ခြင်း ၊ သွားဘက်ဆိုင်ရာပညာရပ်နှင့်လေ့လာမှုနယ်ပယ်အသီးသီးမှ ပညာရှင်များ ဝန်ထမ်းများနှင့် ထိရောက်စွာ လက်တွဲဆောင်ရွက်နိုင်ရန်။

PLO7 - အစဉ်မြဲလေ့လာသင်ယူစိတ်ရှိခြင်း၊ self-study ကောင်းစွာလုပ်နိုင်ခြင်း၊ စဉ်ဆက်မပြတ် လုပ်ငန်းတိုးချဲ့နိုင်ရန်။